

# မိုလိုတော့

အတွဲ-၁၊ အမှတ်-၆၊ မေ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန် f Molotov.to.Read



‘အာဏာဖီဆန် လူထု CDM’ကို ဘူးသပိတ်လို့ ခေါ်ပြီး အခုမှပေါ်လာတဲ့သပိတ်ပုံစံမဟုတ်ပါဘူး။ ကိုလိုနီခေတ်ကတည်းက အင်္ဂလိပ်အစိုးရကိုသပိတ်မှောက်ရာမှာ ဂျီစီဘီအေက စခဲ့တဲ့ ဘူးအသင်းတွေလည်း ရှိခဲ့တယ်လို့ မမမော်လီ ဖတ်လိုက်ရသေးတယ်...။

## မမမော်လီ ပြောပါပြီ

... ... ... စာ-၁၁

“ပြောက်ကျားစစ်သည်၏ အခြေခံကျသော သွင်ပြင်လက္ခဏာမှာ အလျှော့မပေးမှု၊ ဝန်းကျင်တိုင်းနှင့်လိုက်ဖက်အောင် မိမိကိုယ်ကိုယ် ပြင်ဆင်ညှိနှိုင်းနိုင်စွမ်းရှိမှုနှင့် လှုပ်ရှားမှု၏ တိုက်ဆိုင်မှုတိုင်းသို့ မိမိ၏ဝန်ဆောင်မှုအား ပြောင်းလဲနိုင်စွမ်းရှိမှုတို့ဖြစ်သည်။”

## သင်တို့ဘုရား ငါမဖူး

ဓာတ်လား နတ်လား
ပညတ်လား ပရမတ်လား ဘာဘာညာညာ မကွဲပြား
သင်တို့ယောင်ခြောက်ဆယ်ဘုရား ငါ မဖူး

မင်းတဆက် တက်ရင်
နန်းမြို့အသစ်ပြုမယ် နေပြည်တော် ရွှေ့မယ်
ဟူးရားတို့ဝါဒနဲ့ ယတြာဘုရားတည်မယ်
သင်တို့ဂြိုဟ်သိမ်ဂြိုဟ်ပွဲဘုရား ငါ မဖူး


မြင့်မြတ်သော အတုမရှိဗုဒ္ဓရှေ့
နာမဝိသေသနပေါက်လွှတ်ပဲစားတွေ တပ်ဆင်ထားပုံ
ဆုတောင်းပြည့် ဝဋ္ဋကြွေးကျေ အရှုံးပျောက်
စော်ကြည် ထီပေါက် နိဗ္ဗာန်ရောက်
အခု ငြိမ်းချမ်းရေးတဲ့လား
သင်တို့ကလေးကင်ပွန်းတပ်ဘုရား ငါ မဖူး

ဗုဒ္ဓကို မတွေ့ရှိလိုက်တဲ့
တီကောင်တွေ အထွေးလိုက် ရှုးခါနေကြပုံ
အောက်တန်းစားဆန်တယ် ဆူညံတယ်
သမ္မာဒိဋ္ဌိနဲ့သမ္မာသက်ပွ ကင်းတယ်
သင်တို့ဖွဲ့အဖျဉ်းဘုရား ငါ မဖူး

မင်းခမ်းမင်းနားသဘင်ထဲက
ရွှေရောင်စူးကျင့်နေတဲ့ အာရာမ် ဆင်းတု စေတီ နတ်ကွန်းများ
ပလွှားဂုဏ်မောက်သော အရုပ်ဦ ဗုဒ္ဓ နေတော်မမူ
သင်တို့ဂုဏ်သရေရှိဘုရား ငါ မဖူး

ငြူစူတယ် ဝန်တိုတယ်
အပျော်အပါးကို လောက်တဖွားဖွား ရေအိမ်လို တပ်မက်တယ်
အချင်းချင်း ဆန့်ကျင်တယ် ခြေထိုး ဆွဲငင်တယ်
ဖိနပ်ကို လျှပ်တိုက်စီးသလို အတွေးအခေါ် ပါးလျားတယ်
သင်တို့ပညာမဲ့ဘုရား ငါ မဖူး





ဗုဒ္ဓမိန့်တဲ့ မောဃပုရိသတွေ
ဗုဒ္ဓ စက်ဆုပ်တဲ့ တုစ္ဆပုဂ္ဂလတွေ
ဒီမိုကရေစီထက် ပိုစောတဲ့ ဂဏစနစ်အကြောင်း ပြောရင်း
နှစ်ယောက်ရှိ သုံးဂိုဏ်းခွဲကြည့်ချင်တဲ့ သူရဲကောင်းရှူးတွေ
သင်တို့ အယောနိသောမနသိကာရဘုရား ငါ မဖူး

မမြင်ဖူး မူးမြစ်ထင်သလို
ဗုဒ္ဓကို မသိမြင်လေလေ ဘုရား တ လေလေ
ချစ်သားတို့ရေ ... ဝေလေလေ
သပ္ပုရိသအပေါင်း မျောက်လောင်းတို့ရေ ... ဝေလေလေ
အေ ... သင်တို့ဝေလေလေဘုရား ငါ မဖူး

တရားဓမ္မစကြာရဲ့ အမှတ်အသား
စက္က(တရားစက်ဝန်း)အစား လော်စပီကာအပေါက်ဝိုင်းကြီးအား
အရှက်တရားမဲ့ ရွံ့ဖွယ်လိလိ တပ်ဆင်လဲလှယ်ကြ
သင်တို့အမနာပဘုရား ငါ မဖူး

ဗုဒ္ဓက လွတ်လပ်တော်မူလို့
ဗုဒ္ဓကို သင်တို့အလေအလွင့်ဘုရားက ကွယ်ပလို့

ဓမ္မက သဘာဝကျယ်ပြောလို့
ဓမ္မကို သင်တို့ကျဉ်းကျပ်ကျုံ့ဝင်သောတရားက ကွယ်ပလို့

အို ဆူညံသော အသုရကာယတို့
သင်တို့ ချီးပသောဘုရား ငါ ငြင်းဆန်ပါရဲ့
သင်တို့ ထိုးကျင့်သောတရား ငါ ငြင်းဆန်ပါရဲ့

အို ပိန်ဖျင်းသော ပေတတိရစ္ဆာန်တို့
ငါ့မှာ တဆူတည်းသော တိတ်ဆိတ်သူ ဗုဒ္ဓဟာ ရှိပြီးဖြစ်ရဲ့
ထို့ကြောင့် သင်တို့ဘုရား ငါ မဖူးလိုလို့။ ။

● ကေဇဝင်း (၁၉၈၂-၂၀၂၁)

(၃.၃.၂၀၂၁ နေ့၌ မုံရွာမြို့ စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ကျဆုံးသည်။)

# မြို့ပြပြောက်ကျားမှတ်စု

● ကြည်မြအောင် ●



မြို့ပြစစ်ဆင်ရေးလုပ်ကြတဲ့အခါ အခြေအနေအရပ်ရပ်ပေါ် မူတည်ပြီးကျင့်သုံးတဲ့ နည်းပရိယာယ်တွေ အနည်းနဲ့အများ ကွဲပြားပါတယ်။ တနိုင်ငံနဲ့ တနိုင်ငံ၊ တဖွဲ့နဲ့တဖွဲ့ နည်းငယ်ကွဲပြားလေ့ရှိတယ်။

ပြောက်ကျားတွေက များသောအားဖြင့် စနိုက်ပါသုံးတာ၊ အလစ်အငိုက်မှာ ဖောက်ခွဲပြီး တိုက်ခိုက်တာ (ပုံမှန်အားဖြင့် အဝေးထိန်း ဖောက်ခွဲစနစ်သုံးတယ်)၊ မော်တာသုံးပြီး တိုက်တာ၊ အာပီဂျီသုံးပြီး တိုက်တာတွေလုပ်ကြတယ်။ မြို့ပေါ်က ရဲစခန်းတွေနဲ့ စစ်တပ်ကင်းတွေကို ပြောက်ကျားရဲဘော် အနည်းငယ်နဲ့ ဝင်စီးတာမျိုးက ရန်သူကို ထိပ်တိုက်ဖွင့်တိုက်တာဖြစ်လို့ အန္တရာယ်ကြီးတယ်။ ရန်သူရဲ့ကာကွယ်ရေးစနစ်နဲ့ အင်အားက သာလွန်တတ်လို့ ကိုယ့်ဘက်က အကျအဆုံးများလေ့ရှိတယ်။

ဒါပေမဲ့ ခြေလျင်ဖြစ်စေ၊ ကားနဲ့ဖြစ်စေ ရန်သူကင်းလှည့်တဲ့အခါ မော်တာသုံးပြီး တိုက်ခိုက်တာမျိုးလုပ်နိုင်တယ်။ အိမ်တွင်းဖြစ် လက်လုပ်မော်တာကို အမိုးဖွင့်ကားပေါ်တင်ပြီး ပစ်မှတ်ကိုထိနိုင်တဲ့ အကွာအဝေးအတွင်းမှာ အဝေးထိန်းစနစ်သုံးပြီး ပစ်ခွင်းတာဖြစ်ပါတယ်။ မြို့ပြပြောက်ကျားတွေရဲ့ အဓိက လက်နက်တွေက လက်နက်ငယ်တွေနဲ့ ဖောက်ခွဲရေးပစ္စည်းတွေပဲဖြစ်တယ်။ ဒီပစ္စည်းတွေဟာ ဝယ်ရလွယ်တယ်၊ သယ်ရလွယ်တယ်၊ လေ့ကျင့်သင်ကြားဖို့ လွယ်တယ်။

စစ်ဆင်ရေးတွေကို ပြောက်ကြားရဲဘော် ၄ ယောက်ပါတဲ့ ကလာပ်စည်း (သို့) ယူနစ်တွေက တာဝန်ယူတာမျိုးရှိပါတယ်။ အခြေခံယူနစ်တခုမှာပါဝင်တဲ့ ရဲဘော်အရေအတွက်က တနိုင်ငံနဲ့ တနိုင်ငံ၊ တဖွဲ့နဲ့တဖွဲ့ မတူကြဘူး။ စစ်မှုထမ်းယူနစ်အဖွဲ့ဝင် ရဲဘော်တွေဟာ တယောက်ကိုတယောက် သိကြပေမယ့် ဆွေမျိုးသားချင်းတွေ၊ အလုပ်ထဲက လုပ်ဖော်ကိုင်ဖက်တွေ မဟုတ်ကြဘူး။ အိမ်နီးနားချင်းတွေလည်း မဟုတ်ဘူး။

တမင်တကာ အဲသလို ဆက်စပ်မှုမရှိသူတွေ စုဖွဲ့ထားတာ ဖြစ်တယ်။ (ဒါပေမဲ့ သစ္စာခံမှုက အရေးကြီးလို့ မိသားစုလိုက် ကလာပ်စည်းတွေ ဖြစ်နေတာလည်း ရှိတတ်တယ်။) ဌာနချုပ်က စစ်ဆင်ရေးဆိုင်ရာ ကျယ်ပြန့်တဲ့ လမ်းညွှန်ချက်တွေ ထုတ်ပြန်ထားပြီး ရံဖန်ရံခါမှာ တန်ဖိုးမြင့်ပစ်မှတ်တွေ သတ်မှတ်ဖော်ထုတ်တာ၊ စစ်ဆင်ရေးအစီအစဉ်ဆွဲတာတွေလုပ်ပါတယ်။

စစ်ဆင်ရေးအများစုကိုတော့ ဒေသခံစစ်တိုင်းမှူးနဲ့ စစ်မှုထမ်းယူနစ်တွေကသာ အစီအစဉ်ဆွဲပြီး လုပ်ဆောင်ကြတာ ဖြစ်တယ်။

စစ်မှုထမ်းယူနစ် (၄ ယောက်ယူနစ်) အဖွဲ့ဝင်တွေဟာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ချိန် (မိနစ်အနည်းငယ်)အတွင်းမှာပဲ တယောက်နဲ့ တယောက် ထိတွေ့ဆက်ဆံတယ်။

ပစ်မှတ်ရှိရာဆီ သွားတာ၊ လက်နက်ပစ္စည်း ယူတာ၊ ပစ်မှတ်ကနေ ပြန်ဆုတ်ခွာတာနဲ့ လက်နက်ပစ္စည်းပြန်ထားခဲ့တာတွေအားလုံးကို ရဲဘော်တယောက်ချင်းက ကိုယ့်ဘာသာကိုယ် လုပ်ကြရတယ်။

● ကြည်မြအောင်



# ကိုယ်စောင့်နတ် ရယ်စရာစတိုင်

● မောင်အေးစန်း ●



၅၀၅ ထုတ်ပြန်ခံရတဲ့ ဝန်ထမ်းတွေ လုပ်ငန်းခွင်ပြန်ဝင်မယ်ဆိုရင် တရားစွဲဆိုထားတာကို ရုပ်သိမ်းမယ်လို့ စစ်ကောင်စီက ပြောပါတယ်။ စစ်ကောင်စီအဖို့ကတော့ ဥပဒေဆိုတာ ဂရုစိုက်ဖို့မလိုတဲ့ ကိစ္စပဲ။ တရားစွဲချင် စွဲမယ်။ မစွဲချင် မစွဲဘူး။ ဖမ်းချင် ဖမ်းမယ်။ သတ်ချင်သတ်မယ်။ ဘယ်ဥပဒေမှ ဂရုစိုက်ဖို့မလိုဘူး။

အာဏာသိမ်းစစ်ကောင်စီဟာ သူကိုယ်တိုင်ဥပဒေချိုးဖောက် အာဏာသိမ်းခဲ့ပြီး ဥပဒေနဲ့အညီဆိုတဲ့ စကားကို နှုတ်ဖျားက မချသူတွေဖြစ်တယ်။ အလိမ်အညာ မာယာ အပလီန်းနဲ့ သတင်းစာ ရှင်းလင်းပွဲအတုအယောင်တွေ ဖန်ဆင်းဖို့လည်း ဝန်မလေးခဲ့ဘူး။ ကိုယ်ဖိတ်ထားပြီး သတင်းမေးဖို့ခွင့်ပြုထားတဲ့ သတင်းထောက်တွေကို ဖမ်းဖို့ ဆီးဖို့၊ ရိုက်နှက် သတ်ဖြတ်ဖို့၊ လက်စတုန်း စီစဉ်ပစ်လိုက်ဖို့လည်း ဝန်မလေးခဲ့ဘူး။

ဇော်မင်းထွန်း ဘယ်လောက်ပဲ မျက်နှာပြောင်သည်ဖြစ်စေ ရေရှည်မခံဘူး။ လိမ်လွန်းအားကြီးတဲ့အခါ ကိုယ့်မျက်နှာကိုယ် မသတီတော့ဘူး။ ဒီတော့ သူ့နေရာကို တခြားလူ အစားထိုးရတော့တာပဲ။ ဒါမျိုး အရင်ကလည်း ဖြစ်ဖူးပါတယ်။

နအဖ စစ်ကောင်စီမှာ ဗိုလ်သန်းရွှေ ကမ္ဘာပတ်လိမ်ခဲ့တာပဲ။ နောက်ဆုံးတော့ နိုင်ငံတကာကို မျက်နှာချင်း မဆိုင်ဝံ့တဲ့အထိဖြစ်လာပြီး ဗိုလ်ခင်ညွန့်ကို ဝန်ကြီးချုပ်တာဝန် လွှဲခဲ့ရတယ်။ နောက်ဆုံးတော့ ဗိုလ်ခင်ညွန့် ဘာဖြစ်သွားသလဲ။ ဒီလိုပဲ အေးသဇင်မြင့် ဘယ်ဘဝရောက်မယ်ဆိုတာ ကြိုမှန်းကြည့်လို့ရနေတာပါ။

ကိုယ်လိမ်တာ လူမသိဘူးထင်ပေမဲ့ လူတိုင်းကသိနေတယ်။ လူတိုင်းမသိတောင် ကိုယ်စောင့်နတ်ကသိနေတာပဲ။ အာဏာသိမ်း စစ်ကောင်စီဟာ လမ်းမပေါ်အနှံ့ လူသတ်နေတာမှန်ပေမဲ့ နည်းနည်းကလေးပဲ သတ်တာပါလုပ်ချင်နေသေးတယ်။ လူပေါင်း ၈၀၀ ကျော် စိမ်ပြေနပြေ သတ်ခဲ့ပေမဲ့ ၂၄၀ ပဲရှိတယ် ပြောချင်သေးတယ်။ သတင်းမီဒီယာတွေ အကုန်ပိတ် အကုန်သိမ်းပြီး သတင်းစာရှင်းလင်းပွဲ လုပ်နေသေးတယ်။


သူတို့ကိုယ်သူတို့ သတင်းအမှန်ပြန်ကြားရေး နာမည်ခံပြီး ပြည်သူကို လိမ်ညာမှိုင်းတိုက်နေတယ်။ သတင်းမီဒီယာတွေကို ပိတ်သိမ်းပစ်တယ်။ သတင်းထောက်တွေကို ဖမ်းဆီးအရေးယူ ထောင်ချသတ်ဖြတ်တာတွေ အဆက်မပြတ်လုပ်ခဲ့တယ်။ မေလ ၃ ရက်နေ့ဟာ ကမ္ဘာ့သတင်းမီဒီယာနေ့ပဲ။ ဗမာပြည် အကျဉ်းထောင်ထဲမှာ သတင်းမီဒီယာသမားတွေ ချုပ်နှောင်ဖမ်းဆီးခံနေရတယ်။ မြစ်ကြီးနားသတင်းမီဒီယာ အပိတ်ခံရတယ်။ တကယ့်ကို ကိုယ်စောင့်နတ် ရယ်စရာ စတိုင်ပါ။

● မောင်အေးစန်း

# စစ်ရေးစစ်ရာ မှတ်စုများ

× ဘိုးဒေါင်း ×

အပိုင်း – ၆




မိုးလိုတောင် မိုးလိုတောင် မိုးလိုတောင် မိုးလိုတောင်

ဒီတပတ်တော့ စစ်ပွဲဖြစ်ပွားရာ နယ်မြေအကြောင်း ပြောကြရအောင်။

ခါးသည်းပေမယ့် သေသေချာချာ နားလည် ခံစားသိရှိနေဖို့လိုတယ်။ စစ်မြေပြင်ဟာ ပါလီမန်ခန်းမ တခုမဟုတ်ဘူး။ အမြဲတမ်း သေမင်းနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ မမေ့နဲ့။ စစ်နယ်မြေအတွင်း အန္တရာယ်မရှိတဲ့နေရာဆိုတာမရှိဘူး။ နေရာတိုင်းမှာ အန္တရာယ်ရှိနေတယ်ဆိုတဲ့သတိကို လက်ကိုင်ထားဖို့ မမေ့မလျော့

စေနဲ့။ ဝန်းကျင်တခုလုံးကို တဒင်္ဂအတွင်းမှာ လေ့လာအကဲခတ်နိုင်ဖို့လိုတယ်။

တိုက်ပွဲဝင်မယ့်သူဟာ စစ်နယ်မြေထဲရောက်ပြီဆိုတာနဲ့ လုံခြုံမှုမရှိတော့ဘူးလို့သိထား။ အသက်ဘေးကို စက္ကန့်နဲ့အမျှ ရင်ဆိုင်နေရပြီလို့မှတ်ယူပြီး သတိနဲ့ အာရုံငါးပါးကို ဖွင့်ထားရမယ်။ အန္တရာယ်အသွယ်သွယ်ဟာ ကိုယ့်အနီးအပါးမှာ ရှိနေတယ်လို့ မှတ်ယူထားရပါမယ်။

စစ်ပွဲတပွဲဟာ စစ်မြေပြင်မရောက်ခင်မှာလည်း အရေးကြီးသလို တိုက်ပွဲစပြီဆိုတာနဲ့ မနိုင်/နိုင်အောင် တိုက်ကြရတာ။ ဒီတော့ စစ်မြေပြင်ရဲ့ ပထဝီအနေအထားကိုသိနေရမယ်။ ကျည်ကွယ်မျက်ကွယ်ကို ပထဝီအနေအထားပေါ် မူတည်ပြီး ကြည့်တတ်ရမယ်။

ရေ၊ မြေ၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကုန်းမြင့်၊ တောင်ကုန်း၊ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ အားလုံးဟာ သတိထား မှတ်သားထားနိုင်မှ တော်ကာကျမယ်။ ပထဝီအနေအထားဟာ ရန်သူခိုလှုံရာဖြစ်နိုင်သလို ကိုယ်တိုင်လည်း ခိုလှုံရာဖြစ်နိုင်တယ်။ စစ်ဧရိယာရဲ့မြေပုံကို အပိုင်သိနေခြင်းဟာ စစ်ပွဲကိုနိုင်နင်းစွာ ထိန်းကွပ်နိုင်တယ်။


အချိန်နဲ့ပတ်သက်ရင်လည်း နေ့၊ ည၊ အရုဏ်တက်၊ ညနေဆည်းဆာ အစရှိတဲ့ ၂၄ နာရီအတွင်း အလင်းအမှောင် အရိပ်ကျရာ အခြေအနေအားလုံးကို သတိပြုရလိမ့်မယ်။ ရန်သူဟာ အရိပ်ဘက်မှာလား၊ အလင်းဘက်မှာလားဆိုတာလည်း တဒင်္ဂအတွင်း ခန့်မှန်း တွက်ချက်နိုင်ရမယ်။ ဒါဟာ စစ်ဖြစ်ပွားရာ နယ်မြေအတွင်းမှာ သတိထားလေ့လာရမယ့် အချက်တွေပဲ။

စစ်ဖြစ်ရာစစ်မြေပြင် ဧရိယာအကျယ်အဝန်းဟာ ရန်သူနဲ့ကိုယ်နဲ့ တိုက်ခိုက်ရာ စစ်တလင်းပဲဖြစ်တယ်။ ရန်သူက အနိုင်ရခဲ့ရင်လည်း ဧရိယာကျယ်ဝန်းသည်နှင့်အမျှ အနိုင်ရမှုကို ဆက်လက်ထိန်းသိမ်းရန် တာဝန်ဟာ အလွန်ကြီးမားတယ်ဆိုတာ မမေ့လေနဲ့။ ဒီလိုအခြေနေမှာကိုယ်က လျပ်တပြက် ပြန်လည်တိုက်ခိုက်ဖို့ ပြင်ရမှာဖြစ်တယ်။

ကိုယ်က အနိုင်ရခဲ့ရင်လည်း ဧရိယာကျယ်ဝန်းသည်နဲ့အမျှ မိမိအနိုင်ရမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့တာဝန်ဟာ အလွန်ကြီးတယ်။ ဒါကြောင့် ဒေသလုံခြုံရေးနဲ့ အုပ်ချုပ်ရေးယန္တရားကို အမြန်တည်ဆောက်နိုင်ရမယ်။ တရားဥပဒေစိုးမိုးရေးကိုလည်း အမြန်တည်ဆောက်ကြရမှာဖြစ်တယ်။

ကဲ ... ဒီတပတ်တော့ ဒီမှာခဏနားမယ်။ နောက်တပတ်မှ ဆုံကြတာပေါ့နော်။

● ဘိုးဒေါင်း




ဆောင်းပါး




● ရဲဘော်သံမဏိ ●

ပထမပိုင်းတွင် အခြေခံမူ(၃)ချက်ကို အဓိကထားဆွေးနွေးပြီးပြီဖြစ်ပါတယ်။ အခုအပိုင်းမှာ နောက်ထပ် အရေးပါသော အခြေခံမူသုံးချက်ကို ထပ်မံတင်ပြလိုပါတယ်။

**(၄) ခံစစ်သေ လုံးဝမကျင့်သုံးရ၊ ခံစစ်ရှင်သာ ပြင်ဆင်ကျင့်သုံးရမည်။**

ဆိုလိုသည်မှာ နေရာတနေရာတည်းတွင် အချိန်အကြာကြီး တပ်စွဲထားကာ ရန်သူနှင့် ရင်ဆိုင်ခြင်းနည်းလမ်းကို လုံးဝ ရှောင်ရှားဖို့ဖြစ်ပါတယ်။ နွေဦးတော်လှန်ရေးတွင် ဆန္ဒပြပွဲများကိုပဲကြည့်ကြည့် ရန်သူကို ပြန်လည်ရင်ဆိုင်သည့် တိုက်ပွဲများကိုပဲကြည့်ကြည့် ခံစစ်သေပုံစံမျိုး ဖြစ်လေ့ရှိသည်ကို တွေ့နေရပါတယ်။ ကလေးတာဟန်းခံတပ်၊ ပဲခူး မဂ္ဂတစ်ခံတပ်တို့တွင် ရန်သူက အကြီးအကျယ်ချေမှုန်းပြီး မိမိတို့ဘက်မှ အကျအဆုံးများသွားသည်မှာ အဆိုပါခံစစ်သေ သဘောတရားကြောင့်ဖြစ်ပါတယ်။

ဆောင်းပါး

**(၅)နယ်မြေဆုံးရှုံးမှာ မစိုးရိမ်နဲ့၊ သက်ရှိလူအင်အား မဆုံးရှုံးစေရေးပေါ်လစီကို ကျင့်သုံးရမည်။**

ပြောက်ကျားစစ်တိုက်နေတယ်ဆိုတာ ရန်သူ့သက်ရှိလူအင်အားကို လျော့နည်းသွားအောင် ချေမှုန်းပစ်ဖို့ အဓိက ရည်မှန်းချက်ထားရမယ်။ ကိုယ့်ဘက်ကတော့ အဲ့ဒါနဲ့ပြောင်းပြန် သက်ရှိလူအင်အားတယောက်မှ မကျဖို့လိုတယ်။ ပိုတိုးပွားလာအောင်လည်း ဆက်တိုက်စည်းရုံးသွားရမယ်။

နယ်မြေကို လက်လွှတ်ဆုံးရှုံးမှာကြောက်ပြီး အသည်းအသန် ခုခံကာကွယ်နေရင် ကိုယ့်ဘက်က သက်ရှိလူအင်အား ပြုန်းတီးမှုတွေ ရှိလာနိုင်တယ်။ နယ်မြေဆိုတာ မရွှေ့ပြောင်းနိုင်တဲ့ အသေ၊ ရဲဘော်ကေဒါဆိုတာ ရွှေ့နိုင်လျားနိုင်တဲ့ သက်ရှိအင်အား။ ဒါကြောင့် နှစ်ခုယှဉ်လာရင် နယ်မြေကိုမရွေးနဲ့ ကေဒါကိုပဲ လွတ်ပါစေ။ ကေဒါအင်အား အလုံးအရင်းတိုးပွားလာရင် နယ်မြေကို အလွယ်တကူ ပြန်သိမ်းနိုင်လိမ့်မယ်။

**(၆) တခုချင်းအကျိုးစီးပွားထက် တစုံလုံးအကျိုးစီးပွားကို ပိုဦးစားပေးရမည်။**

တယောက်ချင်းအကျိုးစီးပွားထက် အဖွဲ့အစည်းတခုလုံးရဲ့ အကျိုးစီးပွားကို ငဲ့ရမယ်လို့ ပြောတာဖြစ်ပါတယ်။ ဥပမာကောင်းတခုပေးရရင် ညကင်းတာဝန်ကျတဲ့ ကင်းသမားက သူ့ပင်ပန်းမှုဒဏ်မခံနိုင်လို့ အိပ်ပျော်သွားရင် ရန်သူလာတိုက်တဲ့အခါ သူအပါအဝင် စခန်းတခုလုံး ရန်သူ့လက်ကို ကျသွားနိုင်ပါတယ်။ တယောက်ချင်းအကျိုးကို စွန့်လွှတ်ပြီး အများစုအကျိုးကို ရွေးရှုရမယ်လို့ ပြောချင်ပါတယ်။

ဒီနွေဦးတော်လှန်ရေးကာလမှာလည်း အဖြစ်အပျက်တခု ကြားလိုက်တယ်။ ဒဂုံဆိပ်ကမ်း ယုဇနဥယျာဉ်မြို့တော်မှာ ဆန္ဒပြသူတွေ တက်ပုန်းနေတဲ့ အခန်းပိုင်ရှင်ရဲ့သားက လမ်းပေါ်ထွက်ပြီး မီးခိုးဗုံးကို ရေသွားဖြန်းလို့ စစ်တပ်က တက်ဖမ်းတဲ့အခါ ပုန်းနေတဲ့သူအားလုံးကို တွေ့သွားပြီး ဖမ်းမိသွားတဲ့သတင်းပါ။ အဲ့ထဲက ကျောင်းဆရာတယောက် သေဆုံးခဲ့ရပါတယ်။ ဆိုလိုတာ ကိုယ့်အခန်း ကိုယ့်စခန်းမှာ လုံခြုံစွာပုန်းအောင်းနေသူတွေကို ဘာမှရေးကြီးခွင်ကျယ်မဟုတ်တဲ့ မီးခိုးဗုံးရေဖြန်းတဲ့ကိစ္စလေးကြောင့် အားလုံးပေးလိုက်ရတာ မတန်ဘူးလို့ပဲပြောချင်ပါတယ်။ ပြောက်ကျားဗျူဟာဆိုတာ လူတဦးချင်းစီ စိတ်ဆန္ဒအလျောက်လုပ်တာထက် လူ့အဖွဲ့အစည်းတခုလုံး တော်လှန်ရေးတရပ်လုံးရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားတာဖြစ်တယ်။

**(၇)အမာကိုရှောင် အပျော့ကိုတိုက်။**

အင်အားတစုတစည်းတည်းဖြစ်နေသောနေရာမှ ရန်သူကို ထိုးစစ်မဆင်ဘဲ အင်အားတကွဲတပြားဖြစ်နေသော ပြန့်ကျဲနေသောရန်သူကို ထိုးစစ်ဆင်ရမည်ဟု ဆိုလိုတယ်။ လက်တလော မြို့ကြီးများတွင် စစ်စခန်းချထားသော ရန်သူ့စစ်အင်အား အတော်များပြားတာကို တွေ့ရတယ်။ တမူးလို မြို့သေးသေးလေးမှာတောင် စစ်သား ၉၀၀ နီးပါး နေရာချထားပြီး ထိန်းနေတာကိုတွေ့ရတယ်။ ကျန်မြို့တွေမှာလည်း အနည်းဆုံး ၁၀၀ ကနေ အများဆုံး ထောင်ကျော်ရှိမယ်လို့ ခန့်မှန်းရတယ်။ ဒီတော့ သူတို့အခြေအနေကို အသေးစိတ်စုံစမ်းပြီး စစ်သားတွေ ရွှေ့လျားတဲ့အနေအထားမှ ဝင်တိုက်သင့်တယ်။ ဆိုလိုတာ နေရာပြောင်းတဲ့အချိန်၊ ရိက္ခာသွားပို့တဲ့အချိန်၊ ကင်းလှည့်တဲ့အချိန်လို လူနည်းသွားတဲ့အခါမှ ဝင်တိုက်သင့်တယ်။

● ရဲဘော်သံမဏိ

ဆောင်းပါး




တကယ်တော့ မမမော်လီ ဘာကိုမှ မပြောချင်ပါဘူး။ ဖြစ်နိုင်ရင် ငပိန်းတွေအကြောင်းဆို ပိုလို့ကို မဟ ချင်သေး။

တပတ် တပတ် သောကြာနေ့ဆို TGIF မယ်၊ သူငယ်ချင်းတွေနဲ့တွေ့မယ်။ စနေ၊ တနင်္ဂနွေ GYM လေးဆော့ပေါ့။ ဒါပေမယ့်လည်း တိုင်းရေးပြည်ရာအဖြာဖြာကြောင့် မဖြစ်မနေ လိုအပ်လာတော့လည်း မမမော်လီ ပြောရပါတော့မယ်။

မမမော်လီ ပြောပါပြီ။ အားလုံးသိကြတဲ့အတိုင်းပဲ ဦးနှောက်ပဲစေ့လောက်နဲ့ အာဏာတက်သိမ်းတဲ့ ကိုယ်ရှေ့ညာဏ်တော်စူးရောက်တဲ့ ဘူးယိုတွေပေါ့။ ဒင်းတို့ ဗိုလ်လုပ်ချင်လို့ ဗိုလ်ရှူးရှူးတာနဲ့ မမမော်လီလည်း အာကြမ်း လျှာကြမ်း ဖြစ်ရတော့တာပါပဲ။

ဒီ ဘူးယိုတွေကို မြန်မာပြည်ကတင်မက ကမ္ဘာ့မြေပေါ်ကနေ မောင်းထုတ်ဖို့ဆိုပြီး ကျမတို့ ပြည်သူပြည်သားတွေ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အားကုန်ထုတ်ပြီး ဖေဖော်ဝါရီလကတည်းက ချီတက်လာလိုက်တာ အခုဆိုရင် ရက်ပေါင်း ၁၀၀ နီးနီးတိုင်ခဲ့ပြီ။ အာဏာရှင်ကိုကော အာဏာရှင်စနစ်ကိုပါ အမြစ်ကနေ လှန်ရမယ့်ကိစ္စဆိုတော့ ထင်သလောက်တော့ မလွယ်ဘူးဆိုတာ မမမော်လီလည်း သဘောပေါက်ပါတယ်။

တောက်လျှောက် ကြံ့ကြံ့ခံလာတဲ့ CDM သူရဲကောင်းကြီးတွေလည်း တာဝန်ကျေတာထက်တောင် ပိုနေပါပြီ။ ဆက်ပြီးတော့ အားတင်းထားပေးပါဦးလို့။

မြေပြင်သပိတ် အဖွဲ့အစည်းအသီးသီးကလည်း နေပူမိုးရွာမရှောင် လမ်းမတွေထက်မှာ ခြေလှမ်းတွေ

ထပ်တဲ့အထိ ရဲရဲတောက်ပေးကြတာကိုလည်း ကျေးဇူးတင်မိရပါတယ်။ ဆက်လက်ပြီး ချီတက်ကြပါဦးစို့။

အခုလက်ရှိအချိန်ကတော့ လူထုအင်အားကို အမြင့်ဆုံးတင်လို့ စစ်အာဏာရှင်ကို သက်ဆိုးရှည်စေတဲ့ သွေးကြောတွေအားလုံးကို ဖြတ်တောက်ရမယ့် အချိန်ဖြစ်ပါတယ်။

မမမော်လီပြောပါပြီ။ တချိန်လုံး လမ်းပေါ်က ကြွေးကြော်သံတွေမှာ "CDM ကို လုပ်ကြ၊ လုပ်ကြ"၊ "ရုံးမတက်နဲ့ ရုန်းထွက်'၊ "ပြည်သူ့အာဏာ ပြည်သူ့ပြန်ပေး"ဆိုပြီး သူများကို တိုက်တွန်းတာတွေပဲ အော်ခဲ့ကြတာမဟုတ်လား။

အခု တတိုင်းပြည်လုံးက တိုင်းသူပြည်သား တစ်ယောက်မကျန် CDM လုပ်ရမယ့်အချိန် ရောက်လာပြီတော့။

CDM ဆိုတာ အလုပ်ရှိတဲ့လူတွေ ရုံးမသွားတာဘဲ မဟုတ်ပါဘူး။ မတရားအာဏာယူပြီး အုပ်ချုပ်ချင်တဲ့ လူတစုကို အမှန်တရားဘက်မှာရှိတဲ့ တတိုင်းပြည်လုံးက အဖက်ကိုမလုပ်ဘဲ "ဘူး"တလုံးဆောင်တာကို ဆိုလိုပါတယ်။ အာဏာကို ဖီဆန်တာပေ့ါ ...

စစ်ကောင်စီက ကျောင်းတွေ ပြန်ဖွင့်တယ်၊ ကျောင်းမတက်ဘူး။ ကလေးတွေကို ကျောင်းမပို့ဘူး။

စစ်ကောင်စီက မီတာဆောင်ခိုင်းတယ်၊ မဆောင်ဘူး။

စစ်ကောင်စီက ဈေ့စာရင်းတိုင်ခိုင်းတယ်၊ မတိုင်ဘူး။

စစ်ကောင်စီလုပ်တဲ့ အရာမှန်သမျှကို မထောက်ခံဘူး။ အသိအမှတ်မပြုဘူး။

စစ်ကောင်စီနဲ့ပတ်သက်တဲ့ ထုတ်ကုန်တွေကို မဝယ်ဘူး။

စစ်ကောင်စီယန္တရား မလည်ပတ်နိုင်အောင်လို့ ဘဏ်တွေမှာ ငွေမသွင်းဘူး။

တရားမဝင်တဲ့ အာဏာလု ဖက်ဆစ်တွေကို အခွန်မဆောင်ဘူး။

ဒီလို "အာဏာဖီဆန် လူထု CDM" ကို ဘူးသပိတ်လို့ခေါ်ပြီး အခုမှပေါ်လာတဲ့ သပိတ်ပုံစံမဟုတ်ပါဘူး။ ကိုလိုနီခေတ်ကတည်းက အင်္ဂလိပ်အစိုးရကို သပိတ်မှောက်ရာမှာ ဂျီစီဘီအေက စခဲ့တဲ့ ဘူးအသင်းတွေလည်း ရှိခဲ့တယ်လို့ မမမော်လီ ဖတ်လိုက်ရသေးတယ်။

မမမော်လီပြောပါပြီ။ တချိန်လုံး သူများကိုပဲ CDM လုပ်ဖို့ပြောနေပြီး ဈေ့စာရင်းခိုးတိုင်နေတုန်း၊ မီတာခိုးဆောင်နေတုန်းတော့ မလုပ်ကြနဲ့နော်။ အာဏာရှင်ကိုအမြစ်လှန်ဖို့ နောက်ဆုံးကျည်ဆန်ကတော့ အပေါ်မှာပြောခဲ့တဲ့ "အာဏာဖီဆန် လူထု CDM"ဆိုတဲ့ "ဘူးသပိတ်" ပါပဲ။

မမမော်လီလည်း အရင်ကတည်းက အားမပေးခဲ့တဲ့ ဖက်ဆစ်တွေကို ထောက်ပံ့နေတဲ့ စီးပွားရေးတွေ၊ ထုတ်ကုန်တွေကို ပိုပြီးတော့ ဆက်ပြီးတော့ အားမပေးဘူး။

ဒင်းတို့တွေဆီ ဘယ်နည်းနဲ့မှ ငွေတွေမရောက်စေရဘူး။

အခု ညဘက် ကာဖျူးတွေ လျှော့ပေးလိုက်လို့လည်း သွေးမအေးသွားပါဘူး။

ဒင်းတို့နဲ့ပတ်သက်လို့လည်း ကမ္ဘာမကြေဘူး ...

တကယ်ပါပဲ ... ဒင်းတို့အကြောင်းဆို ဘာကိုမှ မပြောချင်ဘူး။

အခုလည်း မပြောချင်ဘဲ ပြောနေရတာ။

အင်း ... ဒီတပတ်တော့ တော်သေးပြီ။

နောက်တပတ်မှပဲ မမမော်လီ ဆက်ပြောပါတော့မယ်။

ဩော် ... ဘူးသပိတ်နော် မမေ့နဲ့ဦး။

• • •

# ဝရမ်းပြေး

● ကျော်ကိုကို ●



မေမေက စားသုံးသူတွေအတွက် ကုန်စည်တွေဖြန့်ခင်းလိုက်ချိန်မှာ သားက ဆိုင်ခန်းတွေကြားမှာ ဝရမ်းပြေးဖြစ်ခဲ့ရတယ်။ ဖေဖေက ကျောင်းစာကြည့်တိုက်က စာအုပ်အချို့ငှားလာပေးတော့ သားက ဗီရိုကိုဖွင့်လိုက် စာမျက်နှာတွေထဲပြေးဝင်လိုက်နဲ့ တသက်လုံးပြေးနေတော့မယ့် ဝရမ်းပြေးကလေးပေါ့။

သစ်ပင်တွေအောက် အရိပ်ကောင်းကောင်းရှာပြီး နေပူထဲက အာဖရိကကို လိုက်ရှာကြည့်တယ်။ စိန်တွင်းတွေထဲက အလုပ်ကြမ်းသမားတယောက် ထွက်ပြေးသလို. . . ဂျုံခင်းထဲက လူမည်းတယောက် ထွက်ပြေးသလို. . . စာသင်ခန်းထဲက ဦးနှောက်ပျက်လုဆဲဆဲ ကျောင်းသားတယောက်ထွက်ပြေးသလို. . . စိမ်းကား

အက်ဆေး

မုန်းတီးနေသူရဲ့ မြင် ကွင်းထဲက ချစ်သူရဲ့ အနမ်းရထားဆီကို ဦးတည်ပြီးထွက်ပြေးသလို သားဟာ ဝရမ်းပြေးဘဝကို စိတ်ချလက်ချ ရွေးချယ်ခဲ့ပြီးပြီ။

"ခဏငယ်တခုမဆုံးခင် လူလုံးမပြချင်သေးပါ"ဆိုတဲ့ ဖော်ဝေးရဲ့စာသားတလျှောက်ပြေးရင်း ကျောတခင်းစာနေရာကို ခက်ခက်ခဲခဲ ရှာနေရတာပါ။ ငှက်ပျောတောထဲကို ဖြတ်ပြေးပြီး ရေခန်းခြောက်စပြုနေတဲ့ ချောင်းရိုးကလေးကို ကျော်တက်ခဲ့တယ်။ ကလေးတွေအတွက် ဆော့စရာအရုပ်က လက်ထိပ်မဟုတ်ပါဘူး မေမေ။ သားတို့ခေတ်မှာ ပုန်းကွယ်ဖို့ ခိုအောင်းဖို့ အသင့်ဖောက်လုပ်ထားတဲ့ ဥမင်လိုဏ်ခေါင်းတွေ၊ ဝပ်ကျင်းတွေ၊ လင့်စင်တွေဟာ တကြောင်းချင်း အစီအရီရေးဖွဲ့ထားတဲ့ ကဗျာတွေပါပဲ။

အင်တာနက်ကလိုင်းမကောင်းတော့ ကမ္ဘာကြီးနဲ့ အဆက်အသွယ်မရဘူး။ နေပါစေ လိုင်ဇာနဲ့ မိုင်ဂျာယန်က ကလေးတွေ ဘေးကင်းလုံခြုံနေဖို့က အဓိကပါ။ ညအမှောင်ထဲမှာ ခြင်တွေ တအားကိုက်နေတယ်။ နေပါစေ ပက်ရှ်ဝါနဲ့ဘဂ္ဂဒက်က ကလေးတွေ စာကောင်းကောင်းသင်ခွင့်ရဖို့က အဓိကပါ။ သွပ်မိုးကပူလွန်းလို့ ချွေးဒီးဒီးကျနေပြီ။ နေပါစေ နိုင်ဂျာမြစ်ဝှမ်းနဲ့ ဗော်လ်ဂါမြစ်ကမ်းက မိန်းခလေးတွေ လွတ်လပ်စွာ တေးသီဆိုခွင့်ရှိနေဖို့ လိုပါတယ်။ သွေးအားနည်းပြီး ကယ်လ်စီယမ်ဓာတ်ချို့တဲ့လို့ လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်တော့ဘူး။ နေပါစေ ချင်းတွင်းနဲ့ သံလွင်တဖက်ကမ်းဆီက ညီမလေးတွေ ပျော်ပျော်ရွှင်ရွှင် ကစားနေဖို့လိုပါတယ်။

ဝရမ်းပြေးဟာ ရန်ကုန်မြို့ကြီးနဲ့ ဘဝတူပဲလေ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်တာကြာပြီ။ ဘက်ထရီ တရိပ်ရိပ်ကျဆင်းနေတဲ့ ဖုန်းတလုံးနဲ့ စကားတွေ ပြောနေတယ်။ အာခေါင်တွေခြောက်ပြီး အသံတွေ တိုးဝင်သွားတဲ့အထိ ပြောနေတယ်။ ဘားတော့ဗ်ဘရက်နဲ့ ဗန်းမော်တင်အောင်အကြောင်းကို (၂၁)ရာစုမှာ လျှို့လျှို့ဝှက်ဝှက် ပြောနေခဲ့ရတယ်။ ဒါပါပဲ အမေရယ် ... လမင်းဆီက ဖြာဆင်းလာတဲ့ သွေးစက်နီတွေ စိန်ပန်းပင်ပေါ် အကျမှာ သား လွတ်လမ်းကို ရှာဖွေရခက်ခဲ့ပါတယ်။

မနေ့တနေ့ကအထိ အလံတွေဝဲပျံ့နေတာကို မြင်ခဲ့တယ်။ မနေ့ညက အိပ်မက်ထဲမှာတောင် ကြွေးကြော်သံတွေကြားခဲ့တယ်။

ခုတော့ သားနောက်ကို စစ်ခွေးတွေလိုက်လာနေပြီဖြစ်ကြောင်း ဟောင်သံတွေကအကြောင်းကြားတယ်။ နာဇီတွေရဲ့ အမှောင်ခန်းတွေ၊ အကျဉ်းခန်းတွေထဲမှာ သားရဲ့ရဲဘော်တွေ အထပ်ထပ်ကျ ရောက်နေပြီလေ။ သိပ်ပင်ပန်းနေတဲ့ စိတ်ပင်ပန်းနေတဲ့ နိုင်ငံကြီးတခုလုံးကို ကယ်တင်မယ်ဆိုရင် လောလောဆယ် ကျောမှီထားတဲ့ နံရံပေါ်မှာ တော်လှန်ရေးအလံကို ရေးဆွဲလိုက်ပါ။

သားလက်ထဲက ပျောက်ဆုံးစာရင်းဟာ တညပြီးတည ရှည်လျားလာခဲ့ပြီ။ သားခြေရင်းက ပြာခံခွက်ထဲမှာ စီးကရက်အစီခံတွေလည်း မျိုးပွားနှုန်းမြန်လာခဲ့ပြီ။ လေးဖက်လေးတန် အခန်းငယ်ထဲက အသံစူးစူးတွေ ထွက်လာတယ်။ မွန်ရှသာရှိခဲ့ရင် ကြားစေချင်ပါတယ်။ ဒါ ငါတို့အလံ ပြီးတော့ ဒါ ငါတို့အသံတွေပေါ့။ သားချစ်သူရဲ့ တီးတိုးညင်သာ ရယ်သံတွေကိုပါ တလှွာပြီးတလှွာ ပေါင်းထည့်ပေးလိုက်ပါရစေ မေမေ။ တော်လှန်သွေးတဝက် အနုပညာသွေးတဝက် ပေါင်းဖက်ပြီးစအချိန်မှာ မနက်ဖြန်ဆိုတဲ့ သားအိမ်ကြီးထဲက ကြယ်နီလေးတပွင့် ဝင်းပထွက်ပေါ်လာမှာ အသေအချာပေါ့။ ။

● ကျော်ကိုကို

မိုးမခမဂ္ဂဇင်း ၊ အောက်တိုဘာ ၃၀ ၊ ၂၀၁၅

အက်ဆေး



# ပြည်တွင်း သတင်းအတိုအထွာ

(၂၈.၄.၂၀၂၁)

■ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ စုဖွဲ့မှုပုံစံသစ်လုပ်မယ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) ထုတ်ပြန်

■ ညဘက် ဖိုင်ဘာအင်တာနက် ဖြတ်တောက်မှုကို ပယ်ဖျက်လိုက်သော်လည်း မိုဘိုင်းနဲ့ Wireless ဝိုင်ဖိုင်အင်တာနက်ကို အချိန်ပြည့်ပိတ်ထားဆဲဖြစ်သည်။

(၂၉.၄.၂၀၂၁)

■ မကွေးနဲ့ မိတ္ထီလာက လေတပ်များ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခံရ။

■ ဖမ်းဆီးခံရသူများအပေါ် လိင်အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးသွားမည်ဟု NUG ဝန်ကြီးဌာနထုတ်ပြန်။

■ မြောက်ဒဂုံ မြန်မာ့စီးပွားရေးဘဏ် ယခုလ ပင်စင်မထုတ်ပေးနိုင်ဘဲ ၂ ပတ်ခွာချိန်း။

(၃၀.၄.၂၀၂၁)

■ လေယာဉ်ဗုံးကြဲမှုကြောင့် ကရင်ပြည်နယ်တွင် သောင်းနဲ့ချီစစ်ရှောင်နေရ၊ ၂၀၀၀ ကျော် ထိုင်းဘက်ထွက်ပြေးရ။

■ ကချင်စစ်ဘေးရှောင် ၁၀၀၀၀ ခန့်ရှိလာ။

■ မေလ ထီဖွင့်ပွဲ သိန်း ၅၀၀၀ နဲ့ သိန်း ၁၀၀၀ တဆုစီသာ အမြင့်ဆုံးအနေနဲ့ စကစ ပေးအပ်နိုင်။

■ စကစကို ဒဏ်ခတ်အရေးယူမှု ၁ နှစ်ထပ်တိုးကြောင်းနဲ့ NUG၊ CRPH၊ ဒီမိုကရေစီအင်အားစုတွေကိုကြိုဆိုကြောင်း EU ထုတ်ပြန်။

■ ၂၀၂၂ မှာ မြန်မာ့လူဦးရေတဝက်ခန့် ဆင်းရဲမွဲတေနိုင်ဟု UNDP ထုတ်ပြန်။

(၁.၅.၂၀၂၁)

■ မြန်မာ့အရေး US နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွေးနွေးရန် ASEAN စီစဉ်။

■ မြန်မာ့အရေး လုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးမှာ တရုတ်နဲ့ ရုရှကြောင့် သဘောတူညီချက်မရ။

■ စကစဟာ ချွတ်ခြုံကျနေပြီး မကြာခင် CDM မလုပ်တဲ့ ဝန်ထမ်းတွေတောင် လစာရဖို့မသေချာဟု NUG ဝန်ကြီးပြော။

(၂.၅.၂၀၂၁)

■ အာဏာရှင်စနစ်ကို အတူတိုက်ဖျက်ရန် ကရင်လက်နက်ကိုင်များကို KNLA ဒုစစ်ဦးစီးချုပ်တိုက်တွန်း။

■ ထိုင်း-မြန်မာနယ်စပ်တွင် စစ်ရှောင်စခန်းတည်ဆောက်ပေးရန် တောင်ကိုရီးယား အစိုးရ စီစဉ်နေ။

(၃.၅.၂၀၂၁)

■ ယနေ့ထိ CDM လုပ်နေတဲ့ လေတပ် အရာရှိစစ်သည် ၈၀ နီးပါး ရှိပြီဖြစ်။

■ CRPH က ဝန်ကြီး ၂ နဲ့ ဒုဝန်ကြီး ၄ ဦးထပ်ခန့်။

(၄.၅.၂၀၂၁)

■ RCSS နဲ့ SSPP တိုက်ပွဲဖြစ်နေတဲ့ နမ္မတူ၊ မန်လီရွာမှာ အိမ် ၄၀ ကျော် ထပ်မံမီးရှို့ခံရ။

■ ကွတ်ခိုင်အနီး စကစတပ်နဲ့ KIA၊ MNDAA၊ TNLA ပူးပေါင်းအဖွဲ့ တိုက်ပွဲဖြစ်နေ။



# တပတ်အတွင်း
# သာရေးသတင်းများ

(၂၈.၄.၂၀၂၁)

■ ဟိုပင် မြစ်ကြီးနားအကြား တံတား ၂ စင်းမိုင်းခွဲခံရ။

■ ဗန်းမော်ခရိုင် တိုက်ပွဲအတွင်း စကစ တပ်ဖွဲ့ဝင် ၄၀ ကျော်ထပ်မံသေဆုံး။

■ မင်းတပ်တွင် ၃ ရက်အတွင်း စစ်ခွေး ၂၀ ကျော်သေ။

■ တောင်ဥက္ကလာ ရဲစခန်းရှေ့၊ မန္တလေး ၇၃ လမ်းပေါ်နှင့် ဗန်းမော်စုပေါင်းရုံးတို့တွင် ပေါက်ကွဲမှုများဖြစ်၊ ရဲများဒဏ်ရာရ။

(၂၉.၄.၂၀၂၁)

■ မန္တလေးမြို့၊ ဟားခါးမြို့နဲ့ မိတ္ထီလာမြို့က စကစအရာရှိ နေအိမ်နဲ့ ရုံးတွေမှာ ပေါက်ကွဲမှုများဖြစ်။

■ သာယာဝတီ ခလရ ၃၅ လက်နက်တိုက် မီးလောင်ပေါက်ကွဲ။

(၃၀.၄.၂၀၂၁)

■ မိုးမောက်မှာ စစ်သား ၂၀ ကျော် သေဆုံးပြီး လက်နက်များသိမ်းမိဟု KIA ထုတ်ပြန်။

■ မိုးမောက်၊ ကုန်းလောရွာတွင် ရဟတ်ယာဉ်တစီး ပျက်ကျ၊ ၃ ဦးသေဆုံး၊ KIA ပစ်ချခြင်းဖြစ်ဟုအတည်ပြု။

■ ရွှေဘိုတွင် စကစကို သတင်းပေးပြီး ရွာသားများကို နှိပ်စက်သူများ ဓားခုတ်ခံရ၊ ၂ ဦးသေဆုံး။

■ ကျောက်ကြီးတွင် စကစနှင့် KNLA ပစ်ခတ်မှုဖြစ်၊ စကစ ၂ ဦးသေ။

■ ရွှေဘို၌ စစ်တပ်သတင်းပေး ၉ ဦး ဓားခုတ်ခံရ၍ ၂ ဦးသေ။

(၁.၅.၂၀၂၁)

■ ညောင်လေးပင်ခရိုင်တွင် စစ်တပ်နှင့် KNU တိုက်ပွဲဖြစ်ခဲ့ကြောင်း KNU ထုတ်ပြန်၊ စစ်တပ် ၂ ဦးသေ။

(၃.၅.၂၀၂၁)

■ ဟားခါးမှာ ပစ်ခတ်မှုရှိ၊ စကစ ၄ ဦးသေ၊ ၁၀ ဦးကျော် ဒဏ်ရာရဟု CDF ပြော။

■ မနေ့က ထီးလင်းမှာ စကစနဲ့ ဒေသခံတွေတိုက်ပွဲဖြစ်၊ စကစ အနည်းဆုံး၄ ဦးသေလို့ ဒေသခံတွေပြော။

ယခု "သာရေးသတင်းများ" သည် မိုလိုတော့ဗ်စာစဉ်မှ
လက်လှမ်းမီသလောက်စုစည်းထားသော တပတ်အတွင်း သတင်းများသာဖြစ်ပါသည်။
ဤအထဲတွင် စစ်တပ်ပိုင်အဆောက်အအုံများနှင့် ကားများ၊ ရပ်ကွက်ထွေအုပ်ရုံးများ
ဗုံးပေါက်ကွဲမှုသတင်းများနှင့် မီးလောင်ကျွမ်းမှုသတင်းများကို
စာမျက်နှာအခက်အခဲကြောင့် မဖော်ပြနိုင်ခဲ့ပါ။
နောက်တပတ်တွင် သာရေးသတင်းများကို စာမျက်နှာတိုး၍
ဝေဝေဆာဆာဖော်ပြနိုင်ရန် ပြည်သူများက သာရေးသတင်းများတိုးပွားဖို့
ကိုယ်တိုင်ဖန်တီး၍ တိုက်ပွဲဝင်ပေးကြပါရန် မိုလိုတော့ဗ်မှ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။